# ဗုဒ္ဓါနုဿတိဘာဝနာ

~~~~~~~~~~~~~~~~~~~~~~

၁။ **(က) အရဟံ** - လောဘ၊ ဒေါသ၊ မောဟအစရှိသော စိတ်အညစ်ကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော မြတ်စွာဘုရား။

**(ခ) အရ+ဟံ** - ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

**(ဂ) အရ+ဟံ** - ဘဝသံသရာစက်၏အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။

**(ဃ) အ+ရဟံ** - ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။ ။

**(င) အရဟံ** - လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား။

၂။ **(က) သမ္မာသမ္ဗုဒ္ဓေါ** - မဖေါက်မပြန် သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင်သာ အလုံးစုံသောတရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရား။

**(ခ) သမ္မာသမ္ဗုဒ္ဓေါ** - ပဋိဝေဓဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**(ဂ) သမ္မာသမ္ဗုဒ္ဓေါ** - ကိုယ်တော်တိုင်သာလျှင် ဝါသနာနှင့်တကွ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူပြီးသော မြတ်စွာဘုရား။

**(ဃ) သမ္မာသမ္ဗုဒ္ဓေါ** - အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဖေါ်ရခြင်းကြောင့် သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့် အသင့်အားဖြင့် ကိုယ်တော်တိုင်သာ ပွင့်တော်မူပြီးသော မြတ်စွာဘုရား။ ။

၃။ (က) **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာဉာဏ်သုံးပါ၊ ဝိဇ္ဇာဉာဏ်ရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

(ခ) **ဝိဇ္ဇာစရဏသမ္ပန္နော** - အသိနှင့်အကျင့် တစ်ထပ်ထဲကျအောင် ကျင့်ကြံတော်မူပေသော မြတ်စွာဘုရား။
~~~~~~~~~~~~~~~~~~~~~~

၄။ **(က) သုဂတော -** တင့်တယ်သော အရိယာမဂ်တည်းဟူသော သွားခြင်းရှိတော်မူပေသော မြတ်စွာဘုရား။

**(ခ) သုဂတော -** ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသောမြတ်စွာဘုရား။

**(ဂ) သုဂတော** - ပယ်ပြီးသော ကိလေသာတို့ထံသို့ တစ်ဖန်ပြန်မလာပဲ ကောင်းစွာကြွသွားတော်မူသော မြတ်စွာဘုရား။

**(ဃ) သုဂတော -** ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း မှစ၍ ဗောဓိမဏ္ဍိုင်ထိအောင် ပါရမီဖြည့်ကာ ကောင်းစွာကြွတော်မူသောမြတ်စွာဘုရား။

**(င) သုဂတော** - စကားခြောက်ခွန်း လူ၌ထွန်းလည်း နှစ်ခွန်းကိုသာ သင့်လျော်ရာကို ပြောဆိုတော်မူတတ်သော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** - သတ္တလောက၊ သြကာသလောက၊ သင်္ခါရလောကဟုဆိုအပ်သော လောကသုံးပါးကို သိမြင်တော်မူတတ်သော မြတ်စွာဘုရား။

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ** -

**(က) အနုတ္တရော** - သီလ သမာဓိ ပညာဂုဏ်တော်အားဖြင့် မိမိထက်လွန်မြတ်သောသူ ရှိတော်မမူသော မြတ်စွာဘုရား။

**(ခ) ပုရိသဒမ္မသာရထိ** - မယဉ်ကျေးသော လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးတော်မူတတ်သော မြတ်စွာဘုရား။

**(ဂ) အနုတ္တရော ပုရိသဒမ္မသာရထိ** - အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ **(က) သတ္ထာ ဒေဝမနုဿာ**နံ - နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူတတ်သော မြတ်စွာဘုရား။

**(ခ) သတ္ထာ ဒေဝမ**နုဿာနံ - လူ နတ် ပြဟ္မာ သတ္တဝါတို့ကို သံသရာခရီးခဲမှ ထုတ်ဆောင်တော်မူပေသော မြတ်စွာဘုရား။

၈။ (က) **ဗုဒ္ဓေါ** - သစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင်လည်းသိ သူတစ်ပါးတို့ကိုလည်း သိစေတော်မူတတ်သော မြတ်စွာဘုရား။

(ခ) **ဗုဒ္ဓေါ** - ပဋိဝေဓဉာဏ်တော်၊ ဒေသနာဉာဏ်တော်နှစ်ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၉။ (က) **ဘဂဝါ** - ဘုန်းကံပါရမီ ရှိတော်မူသောမြတ်စွာဘုရား။

(ခ) **ဘဂဝါ** - ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်ဟုဆိုအပ်သော မာရ်ငါးပါးဟူသော ဘေးရန်တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(ဂ) **ဘဂဝါ** - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တတည်းဟူသော. ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(ဃ) **ဘဂဝါ** - ကုသိုလ်အစရှိသော အလုံးစုံသောတရားတို့ကို ဝေဘန်၍ ဟောတော်မူတတ်သော မြတ်စွာဘုရား။

(င) **ဘဂဝါ** - လောကီ လောကုတ္တရာတရားတို့ကို  မှီဝဲတော်မူတတ်သော မြတ်စွာဘုရား။

(စ) **ဘဂဝါ** - ဘဝသုံးပါးတို့၌  သွားကြောင်းတဏှာကို ထွေးအန်တော်မူပြီးသော မြတ်စွာဘုရား။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~